# ကိုဘေး လျှောင် SARIN (ဆရင်) O- 157 (အို - ဝမ်းဖိုက်ဆဲဗင်း)နဲ့ စစ်အာဏာရှင်

လူငါးထောင်ကျော် သေဆုံးရတဲ့
ကိုဘေးလျှောင် လှုပ်သွားစဉ်က
မင်းဆိုတဲ့ကောင်
တိုက်တာအမြင့်အောက် လမ်းမလျှောက်ရဲ
ညည ဆိုလည်း မအိပ်ရဲနဲ့
မင်းရဲ့ အဖြစ်
ငါစိတ်ညစ်ခဲ့ရဘူးတယ် သူငယ်ချင်း

**Hibiya** မြေအောက်သွား ရထားထဲ
အဆိပ်ငွေ့ **Sarin** ချသွားစဉ်က
မရှုမလှ သေကြ ကြေကြသတင်း
မင်းသိသိချင်း
ဟိုမသွားရဲ ဒီမသွားရဲ
အသက်မှ ဖြောင့်အောင် မရှူပဲ
နှာခေါင်းကာဗာ မျက်နှာတပ်လို့
အမြဲ လိုလို တွေ့ တွေ့ နေတော့တယ်

တခါ
**O-157** ရောဂါဆန်းကြောင့်
ဟိုနားတယောက် ဒီနားတယောက်
အသေအပျောက် သတင်း
မင်းကြားကြားချင်းပဲ
ဟိုဟာ မစားရဲ ဒီဟာ မစားရဲ
အစားအသောက်လည်း ပျက်
ဗိုက်ဟောက်ပက်နဲ့
ချို့ တဲ့ အင်အား
မူးမေ့လဲမလား စိုးရိမ်ရတဲ့
မင်းရဲ့ အဖြစ်
ငါ စိတ်ညစ်ခဲ့ရဘူးတယ် သူငယ်ချင်း

ပြန်လို့ စဉ်းစားကြည့်စမ်း သူငယ်ချင်း
လျှောင်ထက်--ကြမ်း
အဆိပ်ငွေ့ ထက်—ပြင်း
ရောဂါပိုးထက်—ဆိုးတဲ့
စစ်အာဏာရှင်တို့ လက်အောက်ကနေ
လွတ်မြောက် ထွက်ခွာလာခဲ့မှတော့
ဘာကို ငါတို့ ကြောက်ဖို့ လိုသေးသလဲ။ ။

လင်းလက်ဇာနည်
၁၁ မတ် ၁၉၉၈